ဝန်ရင်း
Read on the move

# မင်းသိင်္ခ

မောင်ဘာဘာစိန်



တစ်ညသ၌ ကျွန်ုပ်သည် ချမ်းလွန်းသဖြင့် ကျွန်ုပ်၏ အခန်းကျဉ်းက လေးအတွင်း၌ မီးလှုံရင်း လွန်စွာပျင်းရိငြီးငွေ့ဖွယ် ကောင်းသော စာအုပ်ကြီးတစ်အုပ်ကို ဖတ်ရှုနေလေ၏။ ထိုအချိန်၌ လူတစ်ယောက်သည် သားရေသေတ္တာတစ်လုံးကို လက်၌ ဆွဲလျက် ကျွန်ုပ်၏ အခန်းရှေ့သို့ ရောက် လာပြီးလျှင် …

“ဝင်ခွင့်ပြုပါ ခင်ဗျာ”

ဟု ဝင်ခွင့်တောင်းသော်လည်း ကျွန်ုပ်က ‘ဝင်ခဲ့ပါ’ဟု ဝင်ခွင့်မပေးသေးမီ၌ပင် ထိုသူသည် ကျွန်ုပ်၏ အခန်းအတွင်းသို့ ဝင်ရောက်လာတော့၏။

ကျွန်ုပ်သည် ထိုသူအား ခြေဆုံး၊ ခေါင်းဆုံး အကဲခတ် ကြည့်ရှု လိုက်လေ၏။ ထိုသူသည် အောက်ပိုင်း၌ ဘောင်းဘီရှည်ဝတ်၍ ထားပြီးလျှင် အထက်ပိုင်း၌ မူ ဆွယ်တာ အင်္ကျီဝတ်ထားလေ၏။ ထိုဆွယ်တာပေါ်ကမှ ကုတ်အင်္ကျီ ထပ်ဝတ်ထားလေ၏။

ခေါင်း၌ လည်း ခေါင်းစွပ် ချွန်ချွန်ရှည်ရှည်ကြီးကို ဆောင်းထားပြန်လေ၏။ ကျွန်ုပ်သည် ထိုသူအား အကဲခတ်ပြီးနောက် ထိုသူ၏ လက်၌ ဆွဲထားသော သေတ္တာကို အကဲခတ်ကြည့်ရှု လိုက်လေ၏။ သေတ္တာ၌ ဆေးအဖြူဖြင့် အောက်ပါစာကိုရေးထားလေ၏။

မောင်ဘစိန်

အမ်၊ ဘီ၊ ဘီ၊ အက်စ်

ထိုသို့ ကြည့်ရှုပြီးနောက် ထိုသူအား ...

"ဟုတ်ကဲ့ အမိန့်ရှိပါဦး၊ ဘာကိစ္စများ ပါလဲ"

ဟု ကျွန်ုပ်က မေး လိုက်လေ၏။

"ကျွန်တော့်နာမည် 'မောင်ဘာဘာစိန်'လို့ ခေါ်ပါတယ်"

ဟု ထိုသူက ပြောလိုက်လျှင် ကျွန်ုပ်က...

"ဆရာဝန်တစ်ယောက်ပေါ့"

ဟု မေး လိုက်လေ၏။

"ကျွန်တော် ဆရာဝန် မဟုတ်ပါဘူးဗျ"

ဟု ထိုသူက ဖြေလေ၏။

"နို့ ... ခင်ဗျား သေတ္တာမှာ က မောင်ဘာဘာစိန် အမ်၊ ဘီ၊ ဘီ အက်စ် ဆိုဗျ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုသူက ...

"အမ်၊ ဘီ၊ ဘီ၊ အက်စ် ဆိုတာ ကျွန်တော့် နာမည် မောင်ဘာဘာစိန် ကို အတိုကောက် ရေးထားတာပါဗျာ"

ဟု ပြန်၍ ပြောလိုက်သောအခါ ကျွန်ုပ်သည် ထိုသူ၏ အူကြောင်ကြောင်နိုင်သော လုပ်ပုံကိုင်ပုံကို သဘောမကျသဖြင့် ...

"ကဲ ... မိတ်ဆွေကြီး လာရင်းကိစ္စကို တိုတိုနဲ့ လိုရင်းပြောပေတော့ဗျာ"

ဟု ပြော လိုက်လေ၏။

“ဒီလိုပါခင်ဗျာ၊ ဗေဒင်ကြည့်ချင်လို့ ပါ”

ဟု ထိုသူက ပြောလေ၏။

“ကျုပ် ညဘက် ဗေဒင်မဟောဘူးဗျ”

ဟု ကျွန်ုပ်က ပြော လိုက်လေ၏။

“မှန်ပါတယ် ဆရာရယ်၊ ကျွန်တော့်ကိစ္စကတော့ အထူးကို ရင်ပူရတဲ့ ကိစ္စမို့ ကြည့်ပေးစေချင်ပါတယ်ခင်ဗျာ”

ဟု ထိုသူက တောင်းတောင်းပန်ပန် ပြောလေ၏။

“ဘယ်လိုရင်ပူရတဲ့ ကိစ္စတုံးဗျ”

ဟု ကျွန်ုပ်က မေး လိုက်လေ၏။

“မနေ့ကတည်းက ကျွန်တော့် သမီးကလေးပျောက်သွားပါတယ် ဆရာရယ်၊ အဲ့ဒါကြောင့် ကျွန်တော့်အနေနဲ့ အလွန်ပဲ စိတ်ပူနေပါတယ်”

ဟု ထိုသူက ပြောဆိုလိုက်သဖြင့် ကျွန်ုပ်သည် သမီး ပျောက်ဆုံးသွားသော ဖခင်အား ကိုယ်ချင်း စာနာစိတ်များ ၊ ကရုဏာစိတ်များ ပေါ်ပေါက် လာလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က ...

“ခင်ဗျားသမီးက ဘယ်အရွယ်ရှိပြီလဲဗျ၊ ပြီးတော့ ဘာနေ့သမီးလဲ”

ဟု မေး လိုက်လေ၏။

“စနေသမီးပါ ဆရာရယ်၊ အရွယ်ကတော့ အပျိုဘော်ဝင်စပါပဲ၊ နာမည်က‘မေရီသပွေ’လို့ ခေါ်ပါတယ်”

ဟု ထိုသူက ကျွန်ုပ်ရှေ့ရှိ ကြိမ်ထိုင်ခုံပုကလေးပေါ်တွင် ဝင်၍ ထိုင်ရင်း ပြောလေ၏။ ကျွန်ုပ်က ...

“မနေ့ကဆိုတော့ တနင်္လာနေ့ကြီးပဲ”

ဟု ပြောလိုက်ရာ မောင်ဘာဘာစိန် ဆိုသူက…

“မှန်ပါတယ် ဆရာရယ်၊ တနင်္လာနေ့ပါပဲ”

ဟု သွက်လက်စွာ ဝင်၍ ပြောလေ၏။

“ကျုပ်တို့ ဗေဒင်မှာ ပစ္စည်းပျောက်၊ လူပျောက်ဖော်တဲ့ လင်္ကာက လေး ရှိတယ်ဗျ၊ တနင်္လာနေ့မှာ ပျောက်ရင်‘ကြာကန်သူဝနေ’ဆိုတဲ့ လင်္ကာနဲ့ ဖော်ရတယ်။ အဓိပ္ပာယ်ကတော့ ကြာ-တနင်္လာနေ့၌ ပျောက်သောသူသည် ၊ ကန်-ဟူသော အရှေ့အရပ် ရေကန်အနီး၊ ရေအိုင်အနီးမှ ဖြတ်၍ ၊ သူ-ဟူသော သောကြာထောင့်မြောက်စူးစူးသို့၊ ဝနေ-တောသို့ ဝ င်သွားပြီး ဖြစ်သတည်းတဲ့ ဗျ။ အဲ့ဒီတော့ ခင်ဗျားသမီးလေးဟာ အရှေ့ ဘက်မှာ ရှိတဲ့ ရေကန်ဘေးကနေဖြတ်ပြီး မြောက်ဘက်မှာ ရှိတဲ့ တော ကို သွားပြီလို့ ဆိုတယ်ဗျ”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုသူက …

“ဒီလိုကြားရတော့ ကျွန်တော့်ရင်ထဲမှာ ပေါ့သွားပါတယ် ဆရာရယ်”

ဟု ပြောလေ၏။

“တောမှာ ခင်ဗျားအမျိုးတွေ ရှိလို့ လား”

ဟု ကျွန်ုပ်က မေး လိုက်လေ၏။

“ကျွန်တော့်အမျိုးတွေ မရှိပါဘူး ဆရာရယ်၊ ကျွန်တော့် သမီးအမျိုး တွေတော့ ရှိမှာ ပေါ့”

ဟူ၍ ခွတီးခွကျနိုင်သော စကားဖြင့် ပြန်၍ ဖြေလေ၏။

“ဘယ့်နှယ်လဲ မိတ်ဆွေရယ်၊ ခင်ဗျားသမီးအမျိုးဟာ ခင်ဗျားအမျိုးပဲ

မဟုတ်လား”

ဟု ကျွန်ုပ်က ပြန်၍ မေး လိုက်လေ၏။

“မေရီသပွေဟာ ကျွန်တော့်ရဲ့ မွေးစားသမီးပါ ဆရာရယ်၊ မွေးစား သမီးဆိုပေမယ့် ကျွန်တော့်ရဲ့ သမီးအရင်းလိုပါပဲ။ ငယ်ငယ်ကတည်းက နို့တိုက်ပြီး မွေးလာခဲ့ရတဲ့ သမီးကလေးပါ။ ဒါပေမဲ့ တောကိုရောက်သွားပြီဆိုတော့ သူ့အတွက် စိတ်အေးရပြီပေါ့ဗျာ။ ဒီလိုမ ဟုတ်ဘဲ မြို့ပေါ်မှာ ဟိုလျှောက်သွား၊ သည် လျှောက်သွားဆိုရင် သူများ တွေ တွေ့သွားရင် သူ့ကို ရိုက်သတ်ကြလိမ့်မယ်”

ဟု မောင်ဘာဘာစိန်က ပြောလေ၏။

“မဖြစ်နိုင်တာပဲ မိတ်ဆွေရယ်၊ မိန်းကလေးတစ်ယောက်ကို ရိုက် တော့မသတ်ပါဘူးဗျာ၊ အင်း တစ်ခုတော့ ရှိပေတယ်၊ လူယုတ်မာတွေနဲ့ တွေ့ရင်တော့ မတော်မတရား အကြံခံရင်လည်း ခံရပေမပေါ့ဗျာ”

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုသူက ...

“ကျွန်တော့်သမီးကလေးကို ဒီလိုကြံလို့ တော့ မရဘူးဗျ”

ဟု ပြောလေ၏။

“ဘာဖြစ်လို့ မရရမှာ လဲ မိတ်ဆွေရယ်၊ အဲဒါကို စိတ်ပူစမ်းပါ”

ဟု ကျွန်ုပ်က ပြောလျှင် မောင်ဘာဘာစိန်က ...

“ဒီအတွက်တော့ မပူတာအမှန်ပဲ ဆရာရယ်၊ ရိုက်သတ်မှာ ပဲ ကျွန် တော်က စိုးရိမ်တာပါ”

ဟု ပြောလေ၏။

“မတော်သူတွေက ဖျက်ဆီးမှာ မစိုးရိမ်ဘူးလား မိတ်ဆွေရယ်”

ဟု ကျွန်ုပ်က ကရုဏာဒေါသောဖြင့် အော်၍ ပြော လိုက်လေ၏။

"ဒီလို ဆရာရဲ့ ၊ ကျွန်တော့် ကလေးက လူ မဟုတ်ဘူး ၊ ဘယ်လိုလုပ် ဖျက်ဆီးမှာ တုံး"

ဟု မောင်ဘာဘာစိန်က ပြောလေ၏။

"လူ မဟုတ်ဘူး ၊ လူမဟုတ်ရင် ဘာလဲ"

ဟု ကျွန်ုပ်က အလန့်တကြားပြန်၍ မေး လိုက်လေ၏။

"မြွေ ဆရာရဲ့ ၊ မြွေ"

ဟု ထိုသူက ပြောလျှင် ကျွန်ုပ်သည် အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသားနှင့် ထိုမောင်ဘာဘာစိန် ဆိုသူအား ငေးမောကြည့်ရှုနေမိလေတော့၏။ ထို့နောက်မှ ...

"ခင်ဗျားသမီးက မြွေဟုတ်လား"

ဟု ကျွန်ုပ်က ပြန်၍ မေး လိုက်လေ၏။

"မြွေလေ ဆရာရဲ့ ၊ မြွေမို့လို့ မေရီသပွောလို့ နာမည်မှ ည့်ထားတာပေ့၊ မေရီက အင်္ဂလိပ်နာမည်၊ သပွောဆိုတာကတော့ ပါဠိလို မြွေကိုခေါ်တာ မဟုတ်လား၊ ဆရာ့ကြည့်ရတာ ဘုန်းကြီးကျောင်းမှာ နေဖူးပုံမပေါ်ပါဘူး"

ဟု မောင်ဘာဘာစိန်က ပြော လိုက်လေ၏။

"နေစမ်းပါဦးဗျ၊ ခင်ဗျားက ဘယ်အတွက်များ မြွေကို မွေးစားရတာတုံးဗျ၊ ခင်ဗျားကို ကြည့်ရတာ တော်တော့်ကို ကြံကြီးစည်ရာလုပ်မယ့် လူစားမျိုးပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုသူက ဟက်ဟက်ပက်ပက် ရယ်

မောရ၍ …

“ဒီလို ဆရာရဲ့ ၊ တခြားလူအဖို့ ဆိုရင်တော့ ဒီသတ္တဝါမျိုးကို ဘယ်သူက မွေးမှာ တုံး၊ ကျွန်တော်ကတော့ မွေးရပေမပေါ့၊ ကျွန်တော့်အလုပ်က မြွေလမ္ဘာယ် ဆရာကိုးဗျ”

ဟု ထိုသူက ပြောရင်း သူ၏ ခေါင်းစွပ်ချွန်ချွန်ကြီးကို ချွတ်လိုက်ပြီး လျှင် ကျွန်ုပ်ရှေ့တွင် ရှိသော ရေနွေးကြမ်းအိုးမှ ရေနွေးတစ်ခွက်ကို ငှဲ့ယူ၍ သောက်လေ၏။ ထိုအခါ ကျွန်ုပ်သည် ထန်းလျက်ဘူးကို ထုတ်၍ ထိုသူအား ဧည့်ခံရင်း…

“ကျုပ်ကတော့ မြွေဆိုရင် အလွန်ကြောက်တယ်ဗျာ၊ မြင်တာနဲ့ ကိုကြက်သီးထပါရဲ့ ၊ မြွေနဲ့ တူတာဆိုရင် ငါးရှဥ့်တောင် မကိုင်ရဲဘူးဗျ”

ဟူ၍ ပြောလိုက်ရာ မောင်ဘာဘာစိန်က ပြုံး၍ …

“ဆရာတို့လို မြွေကို ကြောက်တဲ့ လူတွေဟာ ကမ္ဘာမှာ အများ စုပဲခင်ဗျ၊ ကျွန်တော်တို့လို မြွေကို မကြောက်တဲ့ လူက အနည်းစုခင်ဗျ၊ အဲဒီတော့ ကြောက်တဲ့ လူရယ်၊ မကြောက်တဲ့ လူရယ် နှစ်မျိုးနှစ်စား ရှိနေတာကိုက မြွေဟာ စိတ်ဝင်စားစရာ အကောင်းဆုံး သတ္တဝါရဲ့ ရာထူးကို ရနေတာပေါ့ ဆရာရယ်”

ဟု မောင်ဘာဘာစိန်က ပြောလေ၏။

“မြွေကို မကြောက်လို့ တော့ မဖြစ်ဘူး၊ အင်္ဂလိပ်စကားမှာ က ‘There can be no peace between snakes and men’ လူနဲ့ မြွေဟာ ဘယ်တော့မှ ငြိမ်းချမ်းရေး မရနိုင်ဘူးလို့ ဆိုထားတယ်ဗျ”

ဟု ကျွန်ုပ်က ပြောလိုက်ရာ မြွေလမ္ဘာယ်ဆရာ မောင်ဘာဘာစိန်က …

"မှန်ပါတယ် ဆရာရယ်၊ ဘယ်တော့မှ ငြိမ်းချမ်းရေး ရကြမှာ မဟုတ်ပါဘူး၊ အဲဒါ ဘာကြောင့်လဲဆိုတော့ လူတွေဘက်က မေတ္တာတရား ရာခိုင်နှုန်း နည်းနေလို့ ပဲ ဆရာရဲ့ "

"လူတွေမှာ မေတ္တာတရားရာခိုင်နူန်း များ လာလေလေ ကမ္ဘာပေါ်မှာ ရှိတဲ့ မြွေတွေရဲ့ အဆိပ်တွေဟာ တဖြည်းဖြည်း လျော့နည်းသွားလေလေ ပဲ ဆရာရဲ့ ။ နောက်ဆုံးမှာ လူတွေဟာ မေတ္တာရှင်တွေ ဖြစ်သွားခဲ့ရင်တော့ မြွေတွေအားလုံးမှာ လည်း အဆိပ်တွေ မရှိတော့ဘူးပေါ့ ဆရာရယ်"

ဟု ပြော လိုက်လေ၏။

*